၅။ သုရာ မေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ=မူးယစ်စေတတ်၍ မေ့လျော့ခြင်း၏ အကြောင်း ဖြစ်သော သေရည်အရက်ကို သောက်စားခြင်းမှ ရှောင်ကြဉ်ရခြင်း။

၆။ ဝိကာလဘောဇနာ ဝေရမဏီ=မွန်းလွဲအခါ၌ ထမင်းမုံ့ စသောအစာကို စားခြင်းမှ ရှောင်ကြဉ်ရခြင်း။

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူကဒဿနာ ဝေရမဏီ=(နစ္စ) ကိုယ်တိုင် ကခြင်း သူတပါးကို အကခိုင်းခြင်း၊ (ဂီတ) ကိုယ်တိုင် သီချင်းဆိုခြင်း သူတပါးကို အဆိုခိုင်းခြင်း၊ (ဝါဒိတ) ကိုယ်တိုင် တီးမှုတ်ခြင်း သူတပါးကို တီးမှုတ်ခိုင်းခြင်း၊ (ဝိသူကဒဿန) ဘုရား အဆုံးအမတော်၏ ဆန့်ကျင်ဘက် ဆူပမာဖီလာဖြစ်သော ကြည့်ရှုနားထောင်ခြင်းမှ ရှောင်ကြဉ်ရခြင်း။

၈။ မာလာ ဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ=(မာလာဓာရဏ) ရွှေပန်း ငွေပန်းမှစ၍ ပန်းအမျိုးမျိုးကို ပန်ဆင်ခြင်း၊ (ဂန္ဓမဏ္ဍန) နံ့သာပြစ်တို့ဖြင့် နိမ့်ရာ အရပ်၌ ပြည့်ဖြိုးအောင် သိပ်ခြင်း၊ (ဂန္ဓ ဝိလေပန ဝိဘူသန) အရောင်တင်ဆေး ရေမွှေးနံ့သာဆီ မျက်နှာချေ ပေါင်ဒါမှုန့်တို့ကို လိမ်းကျံခြယ်လှယ်ခြင်းဟူသော (ဌာန) ကိလေသာပွါးကြောင်းအမှုတို့မှ ရှောင်ကြဉ်ရခြင်း။

၂၁၉၉၁